ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် ၁၂ /၂၀၂၀**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၈ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါစည်းမျဉ်းကို ထုတ်ပြန်လိုက်သည်-

၁။ ဤစည်းမျဉ်းကို အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာရန်ပုံငွေ (Universal Service Fund, USF) ထူထောင်ခြင်းစည်းမျဉ်းကို ပြင်ဆင်သည့် စည်းမျဉ်းဟု ခေါ်တွင်စေရမည်။

၂။ အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာရန်ပုံငွေ (Universal Service Fund, USF) ထူထောင်ခြင်းစည်းမျဉ်းအပိုဒ် ၁၀ ဖော်ပြချက်၏နောက်တွင် အောက်ပါစကားရပ်ကို ဖြည့်စွက်ရမည်-

"သို့ရာတွင် နိုင်ငံတော်၏ လိုအပ်ချက်အရ အများပြည်သူအကျိုးငှာ အခြားဆက်သွယ်ရေးကဏ္ဍဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရန် အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လာပါက ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သုံးစွဲခွင့်ရှိသည်။"

(ပုံ)သန့်စင်မောင်

ပြည်ထောင်စုဝန်ကြီး

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

စာအမှတ် ၊ ဆသ-၂/ မလ(ကြော်ငြာစာ)/ ၂၀၂၀(၁၃၄၈ )

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတဦးစီးရုံးများ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
ညွှန်ကြားရေးမှူးချုပ်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
} မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

20/4/2020

စိုးသိန်း
အမြဲတမ်းအတွင်းဝန်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန